ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ၁၅-၉-၂၀၁၆ ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့် ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ လူထုဗဟိုပြု စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်းနှင့် ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) တို့ ဖြစ်ကြပါတယ်ခင်ဗျား။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၀)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အုပ်စုအမှတ်(၉)၊ အကွက်နံပါတ်(၇၀)၊ အက္ခရာနံပါတ် (၈၆)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၄.၅၉၁)ဧကရှိ မြေကွက်များအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ရန် သိမ်းယူခဲ့ပြီးနောက် ယခုလက်ရှိတွင် လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတော့သဖြင့် မူလသိမ်းဆည်းခဲ့သည့်ပိုင်ရှင်များ၏ နစ်နာဆုံးရှုံးမှုများကို ကုစားပေးရန် သို့မဟုတ် အစားထိုး ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အုပ်စုအမှတ်(၉)၊ အကွက်နံပါတ်(၇၀)၊ အက္ခရာနံပါတ် (၈၆)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၄.၅၉၁)ဧကရှိ မြေကွက်များအား ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေး အဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ရန် သိမ်းယူခဲ့ပြီးနောက် ယခုလက်ရှိတွင် လုပ်ငန်းလုပ်ကိုင်ခြင်း မရှိတော့

သဖြင့် မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များ၏ နစ်နာဆုံးရှုံးမှုများကို ကုစားပေးရန် သို့မဟုတ် အစားထိုး ဖြေလျှော့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အုပ်စုအမှတ်(၉)၊ အကွက်နံပါတ်(၇၀)၊ အကွရာနံပါတ် (၈၆)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၄.၅၉၁)ဧကရှိ မြေကွက်များအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ရန် သိမ်းယူခဲ့ပြီးနောက် ယခုလက်ရှိတွင် လုပ်ငန်းမလုပ်ကိုင်တော့ဘဲ မြေမှ ပြန်လည်စွန့်ခွာသည့်အခါ မူလသိမ်းဆည်းခဲ့သည့်ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်း မရှိဘဲ ဦးဌေးလွင်ဦး ဆိုသူ ပုဂ္ဂိုလ်တစ်ဦးထံသို့ လွှဲပြောင်း၊ ရောင်းချ သို့မဟုတ် ပေးအပ်လိုက်ခြင်းကြောင့် ပိုင်ရှင်အစစ်အမှန်များ၏ နစ်နာဆုံးရှုံးမှုများကို မည်သို့ဆောင်ရွက် ကုစားပေးနိုင်ရန် သို့မဟုတ် အစားထိုး ဖြေလျှော့မှုများ ဆောင်ရွက်ပေးနိုင်ရန် စပ်လျဉ်းပြီးတော့ မေးမြန်းမယ့် မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်း ဖြစ်ပေါ်လာခြင်းနဲ့ ပတ်သက်ပြီးတော့ ဆက်စပ်နေတဲ့ အခြေခံအချက်အလက်အချို့ကို တင်ပြဖို့ ခွင့်ပြုပေးပါရန်နှင့် ပြီးတော့ အချိန်မလုံလောက်ခဲ့ရင် အနည်းငယ်တိုးမြှင့်ပေးဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒီမြေကွက်ကြီးဟာ ၁၉၆၂ ခုနှစ်ကတည်းက ပိုင်ရှင်(၄၃)ဦးမှ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းနဲ့ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးတော့ နေထိုင်ခဲ့တဲ့မြေကွက် ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဒီမြေကွက်ကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့က အများပြည်သူအကျိုးပြုသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်မယ်ဆိုတဲ့အကြောင်းပြချက်နဲ့ သိမ်းယူတဲ့အခါမှာ ဒီမြေကွက်နဲ့ပတ်သက်ပြီးတော့ ပိုင်ရှင်တွေဟာ မြေအစားထိုးနဲ့ နစ်နာမှုလျော်ကြေး ဘာမှမရဘဲနဲ့ မြေကနေ လက်မဲ့စွန့်ခွာ ဖယ်ရှားပေးခဲ့ရပါတယ်။ အဲဒီတော့ ပိုင်ရှင်တွေဟာ သူတို့ရဲ့နစ်နာမှုအတွက် ၂၁-၁၁-၉၀ ပြည့်နှစ်မှာ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်(ရုံးချုပ်)ကို အသနားခံစာတင်သွင်းခဲ့ပါတယ်။ ဒီလိုတင်သွင်းတဲ့အခါမှာ ရန်ကုန်(ရုံးချုပ်)က ၂၄-၁၂-၉၀ ပြည့်နှစ်မှာ ပြန်ကြားခဲ့တဲ့စာကတော့ ဒီမြေကွက်ဟာ လက်ရှိနိုင်ငံတော်ပိုင်မြေကွက်ဖြစ်ပြီးတော့ အများပြည်သူ အကျိုးပြုလုပ်ငန်း လုပ်ဆောင်နေတဲ့အတွက်ကြောင့် မြေကိုပြန်ပေးဖို့ အကြောင်းမရှိခြင်းနဲ့ အစားထိုးလျော်ကြေးလည်း ပေးအပ်ဖို့မရှိတဲ့အကြောင်း၊ သို့သော် နောင်တစ်ချိန်မှာ အစိုးရက မြေကွက်နဲ့ပတ်သက်ပြီး နစ်နာမှုလျော်ကြေးကို ပေးသင့်တယ်ဆိုတဲ့ မူတစ်ရပ် ချမှတ်ပေးခဲ့မယ်ဆိုရင် ကုန်းလမ်းပို့ဆောင်ရေးအနေနဲ့ ပြန်လည်ပေးအပ်ပါ့မယ်ဆိုပြီးတော့ ၂၄-၁၂-၉၀ ပြည့်နှစ်မှာ တရားဝင်ပြန်ကြားစာရှိခဲ့ပါတယ်။

အဲဒီတော့ ဒီမြေကွက်နဲ့ပတ်သက်ပြီးတော့ ပိုင်ရှင်တွေဟာ မနားမနေ ကြိုးစားပြီးတော့ အသနားခံစာတင်သွင်းတာရော၊ သက်ဆိုင်ရာ ပ.ဝ.တ၊ ခ.ဝ.တ အထိကို စာတင်တာရော၊ ခေါ်ယူ

စစ်ဆေးခြင်းခံရပေမယ့် တစ်စုံတစ်ရာအဖြေ ယနေ့အထိ ရရှိခြင်းမရှိပါဘူး။ လွန်ခဲ့တဲ့နှစ်အပိုင်းအခြားက ဒီမြေကွက်နဲ့ပတ်သက်ပြီးတော့၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့က လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတော့ဘဲနဲ့ သူတို့ရဲ့ အဆောက်အဦတွေကို ဖျက်သိမ်းပြီးတော့၊ ဒီဝင်းရဲ့ပတ်လည်ကို သံပြားတွေကာရံခဲ့ပြီးတော့၊ နောက်ထပ် အဆောက်အဦအသစ်ဆောက်လုပ်ဖို့ ပြင်ဆင်နေတာကို တွေ့ရတဲ့အတွက်ကြောင့် ပိုင်ရှင်တွေဟာ ၁၅-၅-၂၀၁၄ နဲ့ ၆-၁- ၂၀၁၅ ရက်နေ့မှာ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ မော်လမြိုင်နဲ့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကို  ဒီမြေကွက်ထဲမှာ နောက်ထပ် အဆောက်အဦအသစ် တစ်စုံတစ်ရာ မဆောက်လုပ်ဖို့နဲ့ ဒီမြေကွက်တွေနဲ့ပတ်သက်ပြီးတော့ စည်ပင်သာယာရေးအဖွဲ့ကိုလည်း နောင်ပိုင်ရှင်မရှိဘဲနဲ့၊ နောက်ထပ်ပိုင်ရှင်တစ်ဦးတစ်ယောက်ကို လွှဲပြောင်းပေးအပ်ခြင်းမပြုဖို့ ကန့်ကွက်စာကို တင်သွင်းခဲ့ပါတယ်။ ဒီလို တင်သွင်းတဲ့ကြားကနေပြီးတော့ စည်ပင်သာယာရေးအဖွဲ့က ဒီမှာ ဆိုင်းဘုတ်တစ်ခု လာရောက်စိုက်ထူခဲ့ပါတယ်။ ဒီဆိုင်းဘုတ်မှာ ဖော်ပြထားတဲ့အချက်က ပိုင်ရှင်အမည် ဦးဌေးလွင်ဦး၊ တည်နေရာ (က.ပ.ရ)ဝင်း၊ အမှတ်( )၊ အမျိုးအစား (၂-ထပ်)တိုက်၊ ခွင့်ပြုမိန့် အမှတ်ဆိုပြီးတော့-----/ဆ-၁/မလမ (၀၀၂)ရက်စွဲ ( -၅-၂၀၁၆)ဆိုတဲ့ မရေမရာ မသေချာတဲ့ ဆိုင်းဘုတ်တစ်ခုကို ဖြစ်ကတတ်ဆန်း လာရောက်ရေးသား စိုက်ထူခဲ့ပါတယ်။

အဲဒီတော့ ဒီဆိုင်းဘုတ်မှာ ဖော်ပြထားတဲ့အချက်ကို ကြည့်ခြင်းအားဖြင့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့က အများပြည်သူ အကျိုးပြုလုပ်ငန်းလုပ်ကိုင်တာ မဟုတ်တော့ဘဲနဲ့ ဦးဌေးလွင်ဦးဆိုသူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အကျိုးခံစားခွင့်ကို အပြည့်အဝ ပေးအပ်လိုက်တယ်ဆိုတာကို ထင်ရှားနေတဲ့အတွက်ကြောင့် မူလပိုင်ရှင် (၄၃)ဦးရဲ့ တရားဝင် ပိုင်ဆိုင်ခွင့်ရှိတဲ့ပစ္စည်းတွေဟာ အဟောသိကံ ဖြစ်ပြီး ဆုံးရှုံးနစ်နာရပါတယ်။ ဒီအတွက်ကြောင့် ဦးဌေးလွင်ဦးဆိုလည်း ပုဂ္ဂိုလ်တစ်ဦးပါပဲ။ ဒီ သိမ်းဆည်းခံရတဲ့ (၄၃)ဦးသောပုဂ္ဂိုလ်နဲ့တကွ မှီခိုသူအများ မိသားစုဟာလည်း များပြားသောပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံသားတွေဖြစ်ပါတယ်။ နိုင်ငံသားချင်းအတူတူ (၄၃)ဦးကို မှီခိုနေထိုင်တဲ့ နိုင်ငံသားအများအပြားက အခွင့်အရေးဆုံးရှုံးနေပြီးတော့ ဒီပုဂ္ဂိုလ်တစ်ဦးကသာ အခွင့်အရေး ခံစားရတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆/၃၅၇ အရ နိုင်ငံတော်သည် နိုင်ငံသားများ၏ ပိုင်ဆိုင်ခွင့်ရှိထားသော ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းနှင့် ပတ်သက်၍ နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ပေးရမည် ဆိုတဲ့အချက်နဲ့လည်း ဆန့်ကျင်နေပါတယ်။

အဲဒီတော့ ယနေ့ခေတ်မှာ ခေတ်အဆက်ဆက်က ဒီပုဂ္ဂိုလ်တွေဟာ နှစ်ပေါင်း(၅၀)နီးပါး အနိုမ်ခံ၊ အပယ်ခံတဲ့ဘဝနဲ့ နေခဲ့ပေမယ့် ဇွဲနပဲ မလျှော့ဘဲနဲ့ ဒီကနေ့အထိ သူတို့ရဲ့ ပိုင်ဆိုင်မှုအခွင့်အရေး တစ်စုံတစ်ရာရဖို့ ပြန်လည်တောင်းဆိုတဲ့အခါမှာ ကနေ့ ပြည်သူရွေးချယ်ထားတဲ့ ဒီမိုကရေစီအစိုးရက ပြည်သူ့မျက်နှာကို ကြည့်တဲ့အတွက်ကြောင့် ဒီ မူလပိုင်ရှင်တွေနဲ့တကွ မှီခိုသူမိသားစု အများအပြားရဲ့ ဆုံးရှုံးနစ်နာမှုတွေကို ပြန်လည်အစားထိုး ဖြေလျှော့နှစ်သိမ့်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတာနဲ့ ပတ်သက်ပြီးတော့ သိရှိလို၍ ဥက္ကဋ္ဌကြီးကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်။ (ဩဘာသံများ)

**တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ စားအုန်းဆီပင်များ စိုက်ပျိုးထားသော မြေနေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ၊ ဘုတ်ပြင်းလေဆိပ် ဆောက်လုပ်ရေးစီမံကိန်းအတွက် သိမ်းဆည်းခံရသော ဥယျာဉ်ခြံမြေများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လေဆိပ်စီမံကိန်းမှ မသုံးဘဲကျန်ရှိနေသော ဥယျာဉ်ခြံမြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ စားအုန်းဆီပင်များ စိုက်ပျိုးထားသော မြေနေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ၊ ဘုတ်ပြင်းလေဆိပ် ဆောက်လုပ်ရေး စီမံကိန်းအတွက် သိမ်းဆည်းခံရသော ဥယျာဉ်ခြံမြေများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် လေဆိပ်စီမံကိန်းမှ မသုံးဘဲကျန်ရှိနေသော ဥယျာဉ်ခြံမြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းအကြောင်းကတော့ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက်ကျေးရွာ အုပ်စုအတွင်းသို့ တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ ၁၉၉၉ ခုနှစ်၊ မတ်လတွင် ရောက်ရှိလာပြီး ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများကို တပ်မတော်သားများနှင့် ခုတ်ထွင်ရှင်းလင်းခိုင်းပြီး အဆောက်အဦဆောက်လုပ်ခြင်း၊ စားအုန်းဆီပင်များ စိုက်ပျိုးခြင်းများကို စတင်လုပ်ဆောင်ခဲ့ပါတယ်။

တစ်ဖန် ၂၀၀၃ ခုနှစ်၌ ဘုတ်ပြင်းလေဆိပ် စီမံကိန်းဆောက်လုပ်ရန်အတွက် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများ၊ နေအိမ်အဆောက်အဦများကို ရှင်းလင်းပြီး လေဆိပ် ဆောက်လုပ်ခဲ့ပါတယ်။ လေဆိပ်စီမံကိန်းမှ မသုံးဘဲကျန်ရှိနေသော မြေများ၏တချို့တစ်ဝက်ကို တောင်ဒဂုံဆီအုန်းစီမံကိန်းမှ ဆီအုန်းပင်များ ထပ်မံစိုက်ပျိုးခဲ့ပါတယ်။ ကျန်မြေများမှာ ယခုတိုင် တောရိုင်းဥယျာဉ်ခြံမြေများအဖြစ် တည်ရှိနေပါတယ်။ တောင်ဒဂုံ ဆီအုန်းစတင်စိုက်ပျိုးစဉ်အခါကလည်း ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများ၏ အနောက်ဘက်တွင် မြေလွတ်၊ မြေရိုင်း ဧကများစွာ ရှိပါလျက် အနိုင်ကျင့်သိမ်းဆည်းပြီး ဆီအုန်းပင်များ စိုက်ပျိုးခဲ့ပါတယ်။ လေဆိပ်စီမံကိန်း ဆောက်လုပ်စဉ်ကလည်း ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေများ၊ အိမ်ရာများကိုလည်း လိုသလိုသိမ်းဆည်းသတ်မှတ် အလံနီစိုက်ပြီး သိမ်းယူခဲ့ပါတယ်။ (၇)ရက်အတွင်း ပြောင်းရွှေ့ခိုင်းခဲ့ပါတယ်။ တချို့ ပြောင်းရွှေ့၍မပြီးသော အိမ်များကို ဘူဒိုဇာဖြင့် ထိုးဖြိုသဖြင့် အိမ်ပေါ်မှ ဆင်းပြေးခဲ့ရတဲ့သူများလည်း ရှိခဲ့ပါတယ်။ ထိုအချိန်က

စစ်တပ်အုပ်ချုပ်သောကာလဖြစ်တဲ့အတွက် ပြည်သူများကို ဥပဒေမဲ့ မသက်ာမှုနဲ့ ဖမ်းလို့ရသလိုပေါ်တာ (ခ) ချောဆွဲလို့လည်းရတဲ့ခေတ် ဖြစ်ပါတယ်။ ဒေသခံပြည်သူများဟာ ရိုးသားပြီး ကြောက်ရွံ့ကြသဖြင့် ငြိမ်ခံနေကြရပါတယ်။

၂၀၁၀ ရွေးကောက်ပွဲပြီးလို့ တက်ရောက်လာတဲ့ မြို့နယ်ကိုယ်စားလှယ်များကလည်း သိမ်းဆည်းခံ ဥယျာဥ်ခြံမြေများကို ပြန်လည်ဖြေရှင်း တောင်းဆိုပေးခြင်းမရှိခဲ့ပါ။ မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသများတွင် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည် စိစစ်ပေးအပ်ခြင်းများ နေရာအနှံ့ရှိခဲ့ပါတယ်။ ဥပမာအားဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးရေးအတွက် သိမ်းယူထားသော မြေဧက(၂၈၀၀၀)ခန့်မှ အသုံးမပြုဘဲကျန်ရှိနေသော မြေဧက(၉၀၀၀)ကျော်မှ ဧက(၆၀၀၀)ကျော်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ပြန်လည်ပေးအပ်ခဲ့ပါတယ်။ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက် ကျေးရွာအုပ်စုအတွင်းရှိ ဥယျာဥ်ခြံမြေများကို လုံးဝပြန်လည်ပေးအပ်ခဲ့ခြင်း၊ လျော်ကြေးပေးခဲ့ခြင်းမရှိ၍ ဒေသခံ ပြည်သူများမှ များစွာ ဆုံးရှုံးနစ်နာခဲ့ရပါတယ်။

သို့ဖြစ်၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုသည်မှာ ထောင်ခမက်ကျေးရွာအုပ်စုအတွင်း တောင်ဒကုံဆီအုန်းကုမ္ပဏီမှ သိမ်းဆည်းထားသော ဥယျာဥ်ခြံမြေများကို ပြန်လည်ပေးအပ်ရန် အစီအစဥ် ရှိ/ မရှိ၊ လေဆိပ်စီမံကိန်း ဆောက်လုပ်ရာတွင် ပါဝင်သော သိမ်းဆည်းမြေများကို လျော်ကြေးပေးရန် အစီအစဥ် ရှိ/မရှိနှင့် အသုံးမပြုဘဲ ကျန်ရှိနေသော ဥယျာဥ်ခြံမြေများကို ပြန်လည်ပေးအပ်ရန် အစီအစဥ် ရှိ/မရှိ၊ ပြန်လည်ပေးအပ်မည်ဆိုပါက မည်သည့် အချိန်တွင် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရဲကျွန်း-မြောက်ရွာ ဆိပ်ခံတံတားကို စက်လှေများ ဆိုက်ကပ်နိုင်ရေး အတွက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရဲကျွန်း-မြောက်ရွာ ဆိပ်ခံတံတားကို စက်လှေများ ဆိုက်ကပ်နိုင် ရေးအတွက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရဲကျွန်း-မြောက်ရွာတွင် ဆိပ်ခံတံတားအား စက်လှေများ ဆိုက်ကပ်နိုင်ရန်နှင့်ပတ်သက်၍ မေးမြန်းဖို့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရဲကျွန်းသည် ကျွန်းအလွတ် သီးသန့်ဖြစ်ပြီးတော့မှ ၎င်းကျွန်းအလွတ်ပေါ်တွင် ရွာနှစ်ရွာ တည်ရှိပါတယ်။ လူဦးရေ အားဖြင့် (၁၈၀၀)ရှိပြီး၊ အိမ်ခြေ(၆၀၀)ခန့် ရှိပါတယ်။ ဒီရွာရှိ၊ ကျွန်းပေါ်ရှိ ပြည်သူပြည်သားတွေဟာ ခေတ်အဆက်ဆက်ကတည်းက အသက်အန္တရာယ်နဲ့ ရင်းနှီးပြီးတော့မှ မာန်အောင်မြို့ပေါ်ကို သွားလာ နေရခြင်းဖြစ်ပါတယ်။ ရေကြောင်းတစ်ခုတည်းသာ မှီခိုပြီးသွားလာနေရတာဖြစ်ပါတယ်။ နိုင်ငံတော်က ဒီကျွန်းပေါ်ရှိ ပြည်သူပြည်သားတွေရဲ့ သွားလာလွယ်ကူ ချောမွေ့စေရေးအတွက် သိန်း(၁၅၀၀)တန် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီဆိပ်ခံတံတားပေါ်မှာ စက်လှေများ ဘယ်လိုနည်းနဲ့မှ ဆိုက်ကပ်၍မရတဲ့အတွက် ပြည်သူများအတွက် အကျိုးမရှိသလို နိုင်ငံတော်ဘဏ္ဍာ ငွေလည်းပဲ  အဟောသိကံ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ၎င်းကျွန်းပေါ်ရှိ ပြည်သူများဟာ နိစ္စဓူဝ ဆိုသလို သွားလာနေရတဲ့ ရေကြောင်းခရီးမှာ မိုးတွင်းပိုင်းတွင် အင်မတန်မှ အသက်အန္တရာယ်များ ပါတယ်။ နွေရာသီတွင် အခက်အခဲမရှိပေမယ့် အခုလို မိုးရာသီတွင် အင်မတန်မှ အသက်အန္တရာယ်နဲ့ နီးစပ်ပြီးတော့ သွားလာနေရတာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီကျွန်းပေါ်ရှိ ပြည်သူပြည်သားများ၏ အကျိုးကို ကြည့်ပြီးတော့မှ ဆိပ်ခံတံတားပေါ်မှာ စက်လှေဆိုက်ကပ်နိုင်ရန် ကျွန်တော် ပြည်သူတွေနဲ့ တွေ့တဲ့အခါ တင်ပြတာကတော့ မ.ဆ.လ ခေတ်တုန်းကတည်းက အဲဒီပေါ်မှာ ကျောက်တန်းစီထားတာ ရှိပါတယ်။ အဲဒီကျောက်တန်းရဲ့အနေအထားကို (၁၀)ပေခန့် မြှင့်တင်ပေးလိုက်မယ်ဆိုရင် စက်လှေ အလွယ်တကူ ဆိုက်ကပ်လို့ရတယ်ဆိုတာကို သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ဒီဆိပ်ကမ်းမှာ စက်လှေဟာ အလွယ်တကူဆိုက်ကပ်လို့ရအောင် နိုင်ငံတော် အနေနဲ့ အချိန်အနည်းငယ်တိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေးဗျ။ ခင်ဗျားတို့။

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ၊ ပြည်သားများရဲ့ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမမေးခွန်း ဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် တင်ပြ ထားတဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အုပ်စုအမှတ်(၉)၊ အကွက်နံပါတ်(၇၀)၊ အကွ‌ရာနံပါတ်(၈၆)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၄.၅၉၁)ဧကရှိ မြေကွက်များအား ကုန်းလမ်းသယ်ယူ

ပို့ဆောင်ရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ရန် သိမ်းယူခဲ့ပြီးနောက် ယခု လက်ရှိတွင် လုပ်ငန်းမလုပ်ကိုင်တော့ဘဲ မြေပြန်လည်စွန့်ခွာသည့်အခါ မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်း မရှိဘဲ ဦးဌေးလွင်ဦး ဆိုသူ ပုဂ္ဂိုလ်တစ်ဦးထံသို့ လွှဲပြောင်း ရောင်းချခြင်း သို့မဟုတ် ပေးအပ်လိုက်ခြင်းကြောင့် ပိုင်ရှင်အစစ်အမှန်များ၏ နစ်နာဆုံးရှုံးမှုများကို မည်သို့ဆောင်ရွက်ကုစားပေးနိုင်ရန် သို့မဟုတ် အစားထိုးဖြေလျှော့မှုမျိုး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ Power point အသုံးပြု ဖြေကြားခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ အချိန်မလုံလောက်ပါက အနည်းငယ် အချိန်တိုးပေးဖို့ လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

မြေကွက်ရဲ့ နောက်ခံသမိုင်းအကျဉ်းချုပ်လေးကို ကျွန်တော် တိုတိုလေးတင်ပြရမယ်ဆိုရင် တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်မှာ တပ်မတော်ဆက်သွယ်ရေးတပ်ထံမှ ကျွန်တော်တို့ ဒီထိုစဉ်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့က နိုင်ငံတော် အကျိုးစီးပွားအလို့ငှာ လူထုသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လွှဲပြောင်း လက်ခံရရှိခဲ့ပါတယ်။ ဒီကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ မော်လမြိုင်အဖြစ် ကုန်တင်ယာဉ်ကြီးများဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေး၊ စစ်ဆင်ရေး၊ လုံခြုံရေး စတဲ့ကိစ္စများ၊ တပ်ရိက္ခာများ၊ နိုင်ငံတော်စီမံကိန်းဝင် ကုန်ပစ္စည်းများပို့ဆောင်ခြင်းနဲ့ နိုင်ငံတော်မှကြီးမှူးကျင်းပတဲ့ အခမ်းအနားများမှာ ပို့ဆောင်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

၁၉၇၀ ခုနှစ်ကစပြီးတော့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ ခရီးသည်ပို့ဆောင်ရေးဌာနခွဲမော်လမြိုင်အဖြစ် မြို့တွင်းခရီးသည်ပို့ဆောင်ရေးနှင့် ကျိုက်ကမီ-စက်စဲ ဘုရားဖူးယာဉ်များ ပြေးဆွဲခဲ့ပါတယ်။ အဝေးပြေးခရီးစဉ်များအဖြစ် မော်လမြိုင်-မန္တလေး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ရန်ကုန်ခရီးစဉ် နေ့စဉ်ပြေးဆွဲလျက်ရှိပြီး စဉ်ဆက်မပြတ် လုပ်ကိုင်ခဲ့ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင်မြေအမည်ပေါက် ရရှိရေးအတွက် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေသိမ်းအမှုတွဲကို ၁၉၈၃ ခုနှစ်မှာ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ် ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ် ရရှိခဲ့ပါတယ်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အခြေခံယာဉ်မောင်းသင်တန်းကျောင်းကိုပါ ၂၀၁၁ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ သင်တန်းအကြိမ်ပေါင်း (၁၂၄)ကြိမ်နဲ့ သင်တန်းသားပေါင်း (၁၆၀၀)ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ရရှိတဲ့ဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာထဲကို ပေးသွင်းခဲ့ပါတယ်။ ပြီးတော့ မိမိဌာနရဲ့ဝင်ငွေအပေါ် ရပ်တည်၍ လက်ရှိဝန်ထမ်း (၁၆၂၅)ဦးနှင့် အငြိမ်းစားဝန်ထမ်း (၉၀၂၄)ဦး၏ လစာများကို ကျခံပေးလျက်ရှိပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဌာန၊ မွန်ပြည်နယ်၏ ဝင်ငွေနဲ့အသုံးစရိတ်အချိုး ကောင်းမွန်စေရန်နှင့် နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့်ဆက်စပ်သောလုပ်ငန်းများအား ပြည်တွင်းလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်၍ မြေဧရိယာ(၂.၄၁)ဧကအား ပြည်တွင်းလုပ်ငန်းရှင်များအား နှစ်ရှည်မြေငှားရမ်း ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၃) သို့တင်ပြခဲ့ရာ ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆက်လက် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါတယ်။ သို့ဖြစ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပေးခဲ့ သော တင်ဒါစိစစ်ရေးအဖွဲ့မှ သတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပါတယ်။ တင်သွင်းသူ(၆)ဦး အနက် အများဆုံးမြေအသုံးချမှုပရီမီယံကြေး တစ်လမြေငှားရမ်းခ၊ လုပ်ငန်းအာမခံကြေး တင်သွင်း ခဲ့တဲ့ Myanma White Gold Co.Ltd ဖြင့် မြေငှားရမ်းစာချုပ်မူကြမ်း ချုပ်ဆိုဖို့အတွက်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်များနှင့်အညီ ကျွန်တော်တို့ ၁၅-၆-၂၀၁၆ ခုနှစ်မှာ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ကုမ္ပဏီက လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးဌေးလွင်ဦး က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့သို့ ခွင့်ပြုမိန့် တောင်းခံရရှိ၍၊ ရရှိခြင်းဖြစ်၍ ခွင့်ပြုမိန့်ဆိုင်းဘုတ်တွင် အမည်ဖော်ပြရေးသားထားခြင်းသာ ဖြစ်ပါတယ်။ ကုမ္ပဏီကို ကိုယ်စားပြုတာ ဖြစ်ပါတယ်။

အဆိုပါမြေနေရာအား တပ်မတော်ဆက်သွယ်ရေးတပ်ထံမှ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အဖွဲ့က လွှဲပြောင်းရယူခဲ့သည့်အချိန်မှစ၍ စဉ်ဆက်မပြတ် ပို့ဆောင်ရေးလုပ်ငန်းများ ယခုအချိန်အထိ ဆောင်ရွက်နေပါတယ်။ ဦးဌေးလွင်ဦးဆိုသူ ပုဂ္ဂိုလ်တစ်ဦးထံသို့ လွှဲပြောင်း၊ ရောင်းချခြင်းမဟုတ်ဘဲ ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အမှုဆောင်ကော်မတီ ဆုံးဖြတ်ချက်နဲ့ မွန်ပြည်နယ်အစိုးရ အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းပေးသော တင်ဒါရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ခဲ့သော Myanma White Gold Co.Ltd ဖြင့်မြေငှားရမ်းစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။ ဌာနကတရားဝင် မြေနေရာ လျှောက်ထားချက်အရ ၂၀၁၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အမိန့်ကြော်ငြာစာအရ လျော်ကြေးရယူလိုပါက သတ်မှတ်ရက်အတွင်း မတောင်းခံပါက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နို့တစ်စာဖြင့် ကြေညာခဲ့ပါတယ်။ သို့ရာတွင် (၁၅) ရက်ပြည့် မြောက်တဲ့အထိ မည်သူမည်ဝါမှ အခုနပြောသလို မူလသိမ်းဆည်းခံရသည့်ပိုင်ရှင်များ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ လာရောက်တင်ပြခြင်း မရှိသည့်အတွက် အဲဒီမြေကို အခုနပြောသလို တင်ပြသူ မရှိသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာဖြင့် ကုန်းလမ်းပို့ဆောင်ရေး ဌာနအတွက် အသုံးပြုရန် လွှဲပြောင်းရယူခဲ့ခြင်းဖြစ်၍ မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များအား အစားထိုး ဖြေလျှော့ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်းက အမျိုးသားလွှတ်တော်သို့ တင်ပြလာသည့် တနင်္သာရီတိုင်း ဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက်ကျေးရွာ အုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ ဥယျာဉ် ခြံမြေများကို သိမ်းဆည်းပြီး တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ စားအုန်းဆီပင်များ စိုက်ပျိုးထားသော မြေနေရာများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ၊ ဘုတ်ပြင်းလေဆိပ် ဆောက်လုပ်ရေး စီမံကိန်းအတွက် သိမ်းဆည်းခံရသော ဥယျာဉ်ခြံမြေများကို လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့်

လေဆိပ်စီမံကိန်းမှ မသုံးဘဲကျန်ရှိနေသော ဥယျာဥ်ခြံမြေများအား ပြန်လည် ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ Power point အသုံးပြုခွင့်ပြုပါရန်နှင့် အချိန်မလုံလောက်ပါက အနည်းငယ် တိုးမြှင့်ပေးပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

ဒီနေရာမှာ ရှင်းပြတဲ့နေရာမှာ ကျွန်တော် နှစ်ပိုင်းခွဲပြီးတော့ တင်ပြပါ့မယ်ခင်ဗျား။ ပထမ တစ်ပိုင်းက တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ ဆီအုန်းစိုက်ပျိုးမြေကိစ္စဖြစ်ပြီး၊ ဒုတိယပိုင်းအနေနဲ့ ဘုတ်ပြင်း လေဆိပ်မြေနေရာကိစ္စဖြစ်ပါတယ်။ တောင်ဒဂုံဆီအုန်းကုမ္ပဏီကနေ ဆီအုန်းစိုက်ပျိုးရန်အတွက် တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ထောင်ခမက်ကျေးရွာအုပ်စုမှ ဧက(၇၀၀၀)၊ ကမာချောင်းကျေးရွာအုပ်စုမှ ဧက(၁၆၄၀)၊ နို့ငွားကျေးရွာအုပ်စုမှာ (၂၀၅)ဧက၊ စုစုပေါင်း(၈၈၄၅)ဧက ကိုမြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ၅-၅-၂၀၀၈ ရက်စွဲပါ စာအမှတ်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားခြင်း ဖြစ်ပါတယ်။ အဆိုပါ ခွင့်ပြုဧရိယာအတွင်းမှာ ဆီအုန်းစိုက်ပျိုးပြီး ဧရိယာက (၇၁၉၇)ဧကနှင့် စိုက်ပျိုးရန်ကျန်ဧရိယာက (၁၆၄၈)ဧက ဖြစ်ပါတယ်။ တောင်ဒဂုံဆီအုန်း ကုမ္ပဏီမှ စိုက်ပျိုးရန်ကျန်ဧရိယာ(၁၆၄၈)ဧကမှာတော့ ထောင်ခမက်ကျေးရွာ ရွာမြေဧရိယာ(၆၃)ဧက၊ ထောင်ခမက်ကျေးရွာ ဥယျာဥ်ခြံစိုက်ပျိုးထားသည့် (၁၅၀၇)ဧကနှင့် ကမာချောင်းကျေးရွာ ဥယျာဥ်ခြံမြေ စိုက်ပျိုးထားသည့် (၇၈)ဧကတို့ ပါဝင်သဖြင့် စိုက်ပျိုးခြင်းမပြုဘဲ ချန်လှပ်ထားခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်ဒဂုံဆီအုန်းကုမ္ပဏီမှ ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့များတွင် လက်ရှိ စိုက်ပျိုးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနဲ့အညီ လျှောက်ထားရယူ၍ အရင်းအနှီးစိုက်ထုတ် အပင်စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း၊ မူလတောင်သူလက်ငုတ်များ ပါဝင်မှု မရှိခြင်း တို့ကြောင့် စိုက်ပျိုးပြီးဧရိယာအပေါ် ပြန်လည်စွန့်လွှတ်ရန်မရှိပါကြောင်း၊ ကုမ္ပဏီရဲ့ ဘုတ်ပြင်းမြို့နယ် အတွင်း ကျန်တဲ့မြေဧရိယာ(၁၆၄၈)ဧကဖြစ်တဲ့ ထောင်ခမက်ကျေးရွာမြေ(၁၅၀၇)ဧကနှင့် ကမာချောင်း ကျေးရွာရှိ ဥယျာဥ်ခြံစိုက်ပျိုးထားတဲ့မြေ (၇၈)ဧကတို့ကို ဥပဒေနဲ့အညီ ခွင့်ပြုမိန့် ပြန်လည် ရုပ်သိမ်းရေး၊ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက် ရရှိပါက သက်ဆိုင်ရာ ဒေသခံတောင်သူများနှင့် ရွာသူ/ရွာသားများအား ဥပဒေနဲ့အညီ လျှောက်ထား စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြထားပါတယ်ခင်ဗျား။

ဒုတိယကိစ္စရပ်အနေနဲ့ ဘုတ်ပြင်းလေယာဥ်ကွင်း တည်ဆောက်ရေးလုပ်ငန်းကို ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၏အစီအစဥ်ဖြင့် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဘုတ်ပြင်းလေယာဥ်ကွင်း လေယာဥ်ပြေးလမ်း ပေ(၁၀၀၀၀ x ၁၀၀)၊ လေယာဥ်အဝင်လမ်း (၁၅၀ x ၁၀၀)ပေနဲ့ လေယာဥ်ရပ်နားနေရာ အလျား(၃၀၀)၊ အကျယ် (၃၀၀)ပေ တို့ကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဘုတ်ပြင်းလေယာဥ်ကွင်း တည်ဆောက်ရေးအတွက် မြေသိမ်းကိစ္စများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဆောင်ရွက်ခဲ့ပြီး လေယာဥ်ကွင်းတည်ဆောက်ပြီးမှသာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကတော့

ကျွန်တော်တို့ နေရာပြမြေပုံလေး ဖြစ်ပါတယ်။ ဘုတ်ပြင်းလေယာဉ်ကွင်း တည်ဆောက်ရန်အတွက် ထောင်ခမက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၁/ဝဒဒ)ကြေးတိုင်ပြင်ကွင်းအတွင်း မြေဧရိယာ(၄၃၄.၃၄)ဧက ကို လေယာဉ်ကွင်းမြေနေရာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့စဉ်က ကျွန်တော်တို့ ဒေသခံ စိုက်ပျိုးမြေဧရိယာ(၃၃၈)၊ ရွာမြေ(၄.၅၁)၊ သုသာန်မြေ(၁.၃၂)၊ လမ်းမြေ(၅.၄၅)နဲ့ တောရိုင်းမြေ (၈၄.၈၇)ဧကတို့ ပါဝင်ကြောင်းနဲ့ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးအနေဖြင့် မြေလျော်ကြေး ပေးချေထားမှုမရှိကြောင်း သိရှိရပါတယ်။ သို့သော် လေယာဉ်ကွင်းတည်ဆောက်မည့်မြေတွင် ပါဝင်ခဲ့ သော တောင်သူ(၇၆)ဦးတို့မှာ နိုင်ငံတော်သို့ တရားဝင်စာချုပ်ဖြင့် လှူဒါန်းခဲ့ကြောင်းနှင့် မြေလှူဒါန်းသူ တောင်သူ(၇၆)ဦးအား ထောင်ခမက်ကျေးရွာအုပ်စု၊ ထောင်ခမက်ကြေးတိုင်ပြင်ကွင်းအတွင်း မြေဧရိယာ အနည်းအများအလိုက် (၆၆)ကွက်နဲ့ ကျွန်တော်တို့ (၈ဝx၁၂ဝ)ပေအကျယ်ရှိတဲ့ (၆၆)ကွက်နဲ့ (၆ဝx၈ဝ) ပေအကျယ်ရှိတဲ့ (၄၃)ကွက်ကို စုစုပေါင်းမြေကွက် (၁ဝ၉)ကွက်ကို တစ်ဦးချင်းဆီသို့ တနင်္သာရီတိုင်း ဒေသကြီး၏ အစီအစဉ်ဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြန်လည်ပေးအပ် ထားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။

ဘုတ်ပြင်းလေယာဉ်ကွင်း တည်ဆောက်ရေး စတင်ဆောင်ရွက်ခဲ့စဉ်က စုစုပေါင်း မြေဧရိယာမှာ (၄၃၄.၃၄)ဧကအနက် လေဆိပ်လုံခြုံရေးအတွက် ခလရ (၂၂၄)တပ်ရင်းသို့ မြေဧရိယာ (၃၄.၅၈)ဧကကို လွှဲပြောင်းပေးခဲ့သဖြင့် လက်ရှိလေဆိပ်ဧရိယာ (၃၉၉.၇၆)ဧကသာ ကျန်ရှိပါတယ်။ အဆိုပါဧရိယာဟာ လေဆိပ်တစ်ခုအတွက် အနည်းဆုံးလိုအပ်ချက် ဧရိယာသာဖြစ်ပါတယ်။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘုတ်ပြင်းလေဆိပ် မြေပိုင်ဆိုင်မှု အမှတ်တွဲ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့က လျှောက်ထားတဲ့ပုံစံ လေးပါခင်ဗျား။ ဘုတ်ပြင်းလေဆိပ် Master Plan အရ လေဆိပ်တစ်ခုတွင် ရှိသင့်သည့် Major Facilities များဖြစ်သည့် လေကြောင်းလမ်းညွှန်ဆက်သွယ်ရေးဆိုင်ရာစက်များ၊ ဓာတ်အားပေးစက်များ၊ လေယာဉ်ဆီသိုလှောင်ရုံများ ထည့်သွင်းထားရမည်ဖြစ်ပါတယ်။ ဘုတ်ပြင်းလေဆိပ်မှတစ်ဆင့် မြိတ်ကျွန်းစုများတွင်ရှိသည့် Resort များသို့ သွားလာနိုင်ရေးအတွက် ဘုတ်ပြင်းလေဆိပ်ကို ခရီးသွား လာရေး Attraction လေဆိပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန် ဘုတ်ပြင်းလေဆိပ်အား Public Private Partnership စနစ်ဖြင့် Upgrade ပြုလုပ်ရန် လျာထားပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ လက်ရှိ ဘုတ်ပြင်းလေဆိပ် လေယာဉ်ပြေးလမ်း ပုံစံပါ။ ဒါကတော့ ကျွန်တော်တို့ လေဆိပ် အဆောက်အဦပုံစံ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်သော ဘုတ်ပြင်းလေဆိပ်အတွက် သိမ်းဆည်းထားသော မြေဧရိယာတွင်ပါဝင်သည့် မြေပိုင်ရှင်များအတွက် အစားထိုးမြေကွက်များအား ထိုစဉ်က ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြန်လည်ပေးအပ်ခဲ့သော်လည်း မြေလျော်ကြေး ပေးထားခြင်းမရှိပါကြောင်းနှင့် မြေလျော်ကြေး တောင်းခံမှုနှင့်ပတ်သက်၍ အစားထိုးမြေကွက် ရရှိမှုအခြေအနေ၊ သိမ်းဆည်းခဲ့သည့်ဧရိယာ၊ အမှန် တကယ်ပေးလျော်ရမည့်သူ၊ ပေးလျော်သင့်သည့်ပမာဏတို့ကို ဒေသအာဏာပိုင်အဆင့်ဆင့်နဲ့ ညှိနှိုင်း စိစစ်သွားပြီးတော့ ကျွန်တော်တို့ ဒီလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကနေ အမည်ပေါက်

လျှောက်ထားတဲ့နေရာမှာ ကျွန်တော်တို့ သင့်လျော်တဲ့လျော်ကြေးတွေကို ကျွန်တော်တို့ ပေးချေဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ရဲကျွန်း-မြောက်ရွာ ဆိပ်ခံတံတားအား စက်လှေများ ဆိုက်ကပ်၍ရနိုင်ရန် ဆက်လက်လုပ်ဆောင်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။ မာန်အောင်မြို့နယ်၊ ရဲကျွန်းကျေးရွာအုပ်စု၊ ရဲကျွန်း - မြောက်ရွာမှာ စက်လှေများဆိုက်ကပ်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရရန်ပုံငွေကျပ်သန်း (၁၅၀)ဖြင့် (၁၅၀x၁၀)ပေ၊ ကွန်ကရစ်ကျောက်စီခုံ ဆိပ်ခံတံတားကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။

သို့ရာတွင် ရဲကျွန်းကျေးရွာအုပ်စုသည် ဘင်္ဂလားပင်လယ်အော်ထဲတွင်ရှိသည့် ကျွန်းငယ်တစ်ခုဖြစ်၍ ကျေးရွာနေပြည်သူများမှာ ဒီ လက်ရှိ ကျောက်စီခုံဆိပ်ခံတံတားကို ပွင့်လင်းရာသီ တွင်သာ အချိန်မရွေး ဆိုက်ကပ်နိုင်ပြီး မိုးရာသီမှာ ရာသီဥတုအခြေအနေအပေါ်မူတည်၍သာ ဆိုက်ကပ်နိုင်တယ်ဆိုတာ သိရှိရပါတယ်ခင်ဗျား။ ယခင် မ.ဆ.လခေတ်က တည်ဆောက်ခဲ့တဲ့ ကျောက်တန်းက ဆိပ်ခံတံတားနဲ့ (၈၀)ပေခန့်ကွာဝေးပြီး အရှည်(၁၃၀)ပေ၊ အကျယ်(၃)ပေ၊ အမြင့် (၄)ပေခန့်ရှိ ကျောက်ကြီးများဖြင့် အကြမ်းထည် တည်ဆောက်ထားခဲ့ပြီး ယခုအချိန်မှာ ကျောက်အနည်းငယ်ဖြင့် အမြင့်(၃)ပေခန့်သာ ကျောက်တန်းအဖြစ် တည်ရှိနေပါတယ်ခင်ဗျား။ မာန်အောင်မြို့နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေ (၆၃.၂၁၁)သန်းဖြင့် ဒီလှိုင်းကာ ကျောက်စီနံရံ(၃)ခု (၁၅၀ x ၆ x ၆)ပေအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးခဲ့ရာ လှိုင်းအရှိန်သေခြင်းစသည့်အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။ ယခု ဆိပ်ခံတံတားနံဘေးတွင်လည်း မိုးရာသီတွင် ဆိုက်ကပ်နိုင်ရန်အတွက် ဒီ လှိုင်းကာ ကျောက်စီနံရံများ ဆောင်ရွက်ပြီးပါက စက်လှေများ အချိန်မရွေး ဆိုက်ကပ်နိုင်မည်ဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တွက်ချက်မှုကို မှီငြမ်းပြီးတော့ အခြေခံတွက်ချက်ခဲ့ရာ ဆိပ်ခံတံတားအနီး ဒီလှိုင်းကာကျောက်တန်း (၁၅၀ x ၆)ပေ တစ်ခုတည်ဆောက်ပါက ခန့်မှန်းတန်ဖိုး တစ်ခုကို (၂၁.၅)သန်း ကုန်ကျမည်ဖြစ်ပါတယ်။ မာန်အောင်မြို့နယ်၊ ရဲကျွန်း-မြောက်ရွာ၊ ဆိပ်ခံတံတားအားစက်လှေများ ရာသီမရွေး ဆိုက်ကပ်နိုင်ရန်အတွက် ဒီလှိုင်းကာ ကျောက်စီနံရံတည်ဆောက်ရေးလုပ်ငန်းအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားထားပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး ဆောင်ရွက်သင့်သည့် အစီအမံများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်း လိုရင်းပဲမေးပါ။ ကျွန်တော် ခွင့်တော့ပြုမယ်။

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)**။ ။ စောစောက ဝန်ကြီးဖြေသွားတဲ့ ကိစ္စမှာ Myanma White Gold ကုမ္ပဏီက ၁၅-၆-၂၀၁၅ ရက်နေ့မှာ စာချုပ် ချုပ်ဆိုခဲ့တယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ စည်ပင်သာယာက ဆိုင်းဘုတ်ချိတ်တဲ့နေရာမှာ ဒီမြေကွက်နဲ့ ပတ်သက်ပြီးတော့ မူလ အဲဒီကတည်းက ဘာဖြစ်လို့ ဒီ ရက်စွဲအတိအကျနဲ့ ဖော်ပြထားခြင်းမရှိသလဲ ဆိုတာ တစ်ချက်ပါ။ နောက်တစ်ချက်က ဒီပိုင်ရှင်များကို နစ်နာကြေးထုတ်ဖို့အတွက် သက်ဆိုင်ရာက တရားဝင် အကြောင်းကြားခြင်း၊ လုပ်ခဲ့ခြင်း ရှိ/မရှိ ဆိုတာ ဝန်ကြီး သိပါသလားခင်ဗျား။ ဒီလောက်ပါပဲ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း(၂)ချက်၊ ကျွန်တော် ဖြေကြားရမယ်ဆိုရင်တော့ ဒီ စည်ပင်သာယာရေးက ဒီ Notice ကပ်တဲ့နေရာမှာ ခုန လိုအပ်ချက်ကွက်လပ်တွေ၊ အားနည်းချက်ရှိတယ် ဆိုတာကတော့ ကျွန်တော်တို့ရဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ခြင်းမရှိဘဲနဲ့ သူ့ရဲ့ဒေသခံ စည်ပင်သာယာရေးအဖွဲ့ရဲ့ ခုနပြောသလို သူတို့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်၍ ကျွန်တော့်အနေနဲ့ကတော့ ဒီအချက်အပေါ်မှာ ကျွန်တော် ဖြေကြားနိုင်ခြင်း မရှိပါဘူးခင်ဗျား။

ဒုတိယအချက်အနေနဲ့ အကြောင်းကြားခဲ့ခြင်း ရှိသလားဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၉(၁)နှင့်အညီ အဆိုပါမြေကို အများပြည်သူအကျိုးငှာ နိုင်ငံတော်အစိုးရသည် ကုန်းလမ်းပို့ဆောင်ရေး၊ မော်လမြိုင်ဌာနခွဲပိုင်မြေအဖြစ် အသုံးပြုရန် ရည်ရွယ်သဖြင့် အများသိစေရန် ၂၅-၃-၂၀၀၃ ခုနှစ် ရက်နေ့မှာ ကြေညာချက် Notice စာကို ထုတ်ပြန်ခဲ့ရာ အဲဒီမှာဘာပါသလဲဆိုတော့ ၈-၄-၂၀၀၃ ရက်နေ့ နောက်ဆုံးထားပြီး အကျိုးသက်ရောက်မှုရှိသူအားလုံးမှ လျော်ကြေးရယူလိုကြောင်း ဖော်ပြချက်တင်ပြရန်နှင့် သတ်မှတ်ရက်အတွင်း မတောင်းခံပါက ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်ခင်ဗျား။ ဒါပေမယ့်လည်း (၁၅)ရက်ပြည့်မြောက်သည်အထိ မူလသိမ်းဆည်းခဲ့သည့် ပိုင်ရှင်များအပါအဝင် မည်သူ တစ်ဦးတစ်ယောက်မှ လာရောက်တင်ပြခြင်း မရှိသည့်အတွက် အဲဒီမြေကို ခုနပြောသလို ကျွန်တော်တို့ လက်ရောက်သိမ်းယူပြီး ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကြေညာခဲ့ပါတယ်ခင်ဗျား။ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းပဲမေး။ ခင်ဗျားတို့ ပြည့်စုံပြီ။

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ရွာလူကြီး သဘောထား တစ်ဦးတည်းပဲ လျှုတာဖြစ်တဲ့အတွက် အဲဒီတော့ လျှုတယ်ဆိုတာ မဟုတ်ပါဘူးလို့ ပြောချင်တယ်။ အဲဒီတော့ ဘယ်လိုဖြေရှင်းပေးမလဲ။

**ဥက္ကဋ္ဌ**။ ။ လျှုတာ၊ မလျှုတာကတော့ခင်ဗျား။ ကျွန်တော်ပြောမယ်။ သူက

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အဲဒီက ဒေသခံခြံရှင်တွေက တစ်ယောက်မှမလျှုဘူး။ အဲဒီတော့ ရွာလူကြီးသဘောထား တစ်ခုတည်းနဲ့ပဲ လုပ်ချင်တာ လုပ်ထားတာကို ဒေသခံခြံရှင်တွေက တစ်ယောက်မှမလျှုပေးပါဘူး။ ကိုယ့်ပစ္စည်းကို ဘယ်သူမှ မလျှုချင် ပါဘူး။ အဲဒါကို ဘယ်လိုဖြေရှင်းပေးမလဲလို့။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဒီဟာ ကျွန်တော်တို့ ဘုတ်ပြင်းကိစ္စ ဖြစ်မယ်ထင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်။ ဘုတ်ပြင်း၊ ဘုတ်ပြင်း။ လေဆိပ်မှာ လှူတယ်ဆိုတာပါတယ်လေ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့၊ ဒီဟာကတော့ ကျွန်တော်တို့ ဒီ တောင်သူ(၇၆)ဦးကနေ နိုင်ငံတော်တရားဝင်စာချုပ်ဖြင့် လှူဒါန်းခဲ့ကြ ကြောင်း ဆိုတာကတော့ ဒီဟာ ကျွန်တော်တို့ရရှိတဲ့ သတင်းအချက်အလက်အရ ကျွန်တော် ဖြေကြားခြင်း ဖြစ်ပါတယ်။ ဒီအချက်ကို တကယ်လို့ သင့်လျော်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့က သက်ဆိုင်ရာ ခုနပြောသလို အဖွဲ့အစည်းကို အခုဟာ ကျွန်တော်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ရော ဒီ တနင်္သာရီတိုင်း၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ရော ပေါင်းစပ်ညှိနှိုင်းပြီး ဖြေရတဲ့အတွက် သူတို့ဆီကရတဲ့ အချက်အလက်အပေါ်မှာ မူတည်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ ဒီအချက်အလက်အပေါ်မှာ ကျွန်တော် ပြန်ပြီးတော့ ကျွန်တော် သေချာအောင်လို့ စိစစ်ပေးပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်း စွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးဇော်မင်း(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွား မှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် ဖတ်ကြားတင်ပြမယ့် အစီရင်ခံစာကတော့-

# အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
# မြေပုံဖြင့် ဆွေးနွေးခြင်းနှင့် မြင်ချင်းဖွဲ့စည်း

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/ ၂၀၁၆ - ၂၉၇

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၁၂ ရက်

၁။ ပြည်သူ့လွှတ်တော်က ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ချက်များနဲ့အတူ သဘောတူ အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ၂၆-၈-၂၀၁၆ ရက်နေ့က ပေးပို့ခဲ့ပါတယ်။ ဒီ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)တို့က ၉-၉-၂၀၁၆ ရက်နေ့မှာ အမျိုးသားလွှတ်တော်အတွင်းမှာ အကြံပြုဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့အတူ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်က ပညာရှင်အဖွဲ့ဝင်တို့နဲ့ ၁၂-၉-၂၀၁၆ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်** ကိုတင်ပြပါမယ်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြန်လည်လေ့လာ စိစစ်ရာမှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်များအနက်မှ အပိုဒ် ၄၊ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ခ)၊ (ဂ)၊ (ဈ)၊ (ဋ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)နဲ့ အပိုဒ် ၂၅၊ စုစုပေါင်းအချက်(၈)ချက်ဖြစ်ပါတယ်။ ဒီအချက်တွေကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက် ထားရှိသင့်တယ်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီရဲ့ သဘောထားမှတ်ချက်** ကို ဆက်လက်တင်ပြပါမယ်။

၃။ အဲဒီအတွက်ကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ငြိမ်းချမ်းစွာစုဝေးခြင်းနဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ အကြံပြု ဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးခဲ့တဲ့ အချက်များအပေါ်မှာ မူတည်ပြီး အမျိုးသားလွှတ်တော်က မူလ အတည်ပြုခဲ့တဲ့အတိုင်းသာလျှင် ဆက်လက် အတည်ပြုသင့်ပါကြောင်း၊ ဒါ့အပြင် လွှတ်တော်နှစ်ရပ် ကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၌ အဆုံးအဖြတ် ဆက်လက်ခံယူဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

ဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(စ)(ဆ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)(ခ)(ဂ)

အခန်း(၃)၊ အခန်းခေါင်းစဉ်၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀(ဆ)၊ အပိုဒ် ၁၁(ခ)(ဂ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆ တို့ကို ဥပဒေကြမ်း ကော်မတီက ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ဥပဒေကြမ်း၏

အပိုဒ် ၄(စ)၊ အပိုဒ် ၁၀(ခ)(ဂ)(ဈ)(ဋ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄(က)နှင့် အပိုဒ် ၂၅ တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆို တင်သွင်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ချက်တွေနဲ့ ပြန်ပြီးတော့ ပေးပို့လိုက်တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် သဘောထားကွဲလွဲနေတဲ့ အပိုဒ် ၄(စ)၊ အပိုဒ် ၁၀ (ခ)(ဂ)(ဈ)(ဋ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄(က) နှင့် အပိုဒ် ၂၅ တို့ကို ပြည်ထောင်စုလွှတ်တော်မှာ တင်ပြ

ပြီးတော့ ဆွေးနွေးဆုံးဖြတ်မှု ခံယူဖို့ရန် တင်သွင်းသင့်ပါတယ် ဆိုတဲ့အကြောင်း ကျွန်တော် ဒီ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆိုပြု တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဒေါ်နွယ်နွယ်အောင်( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ကျွန်မက အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁ / အမ (ကော်မတီ-၁) ၁ / ၂၀၁၆- ၂၉၆

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

၁။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်အခွင့်အရေးကော်မတီက ၂၂-၈-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၆-၉-၂၀၁၆ ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီမှ အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်တို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်** ကတော့

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်တဲ့ ဥပဒေကြမ်းခေါင်းစဉ်ကို တိကျမှု ရှိစေရန်အတွက် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသော အခါအားလျော်စွာ သတ်မှတ်ထားသောဆိုသည့် စကားရပ်ကို အခါအားလျော်စွာ သတ်မှတ်ပေးသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည့်စုံမှုရှိစေရန်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော စာမေးပွဲဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါ ဆိုသည့်စကားရပ်ကို အခြေခံပညာရေးအဆင့်သင်ကြားမှု ပြီးဆုံးသည့်အခါ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသော စကားရပ်များအစား စာစစ်အဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ပုဒ်မ ၃ အရ ဖွဲ့စည်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)တွင် ဖော်ပြထားသော အဖွဲ့အစည်းများမှ ရေးဆွဲ၍ စာစစ်အဖွဲ့မှ ပြဋ္ဌာန်းထားသော ဆိုသည့်စကားရပ်ကို အဖွဲ့အစည်းများမှ ရေးဆွဲပြဋ္ဌာန်းထားသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၉)တွင် ဖော်ပြထားသော အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ ရေးသားထားခြင်းဆိုသည့် စကားရပ်ကို အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ သို့မဟုတ် အမှတ်အသားများ ရေးသားထားခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ်(၁၁) တွင် ဖော်ပြထားသော စကားရပ်များအစား မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ တစ်နည်းနည်းဖြင့် ရယူခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ပြည်ထောင်စုအစိုးရအဖွဲ့သည် စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်

စေရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များ အစား စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ (၃)နှစ်ဖြစ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အရေးအသား ကျစ်လျစ်မှုရှိစေရန်အတွက် ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၈)၊ ပုဒ်မခွဲငယ်စိတ်(၂)တွင် ဖော်ပြထားသော တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် ဆိုသည့်စကားရပ်ကို တစ်နည်းနည်းဖြင့် အားပေးကူညီသည့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၈)၊ ပုဒ်မခွဲငယ်စိတ်(၃)တွင် ဖော်ပြထားသော အဖြေလွှာများတွင် ထပ်မံဖြည့်စွက်ပေးခြင်းစသော မတရားမှုများပြုသည့် သို့မဟုတ် ယင်းမတရားမှု များပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ယင်းမတရားမှုများပြုသည်ကို တွေ့ရှိသော်လည်း ဆိုသည့် စကားရပ်ကို အဖြေလွှာများတွင် ထပ်မံဖြည့်စွက် ဖြေဆိုပေးခြင်းစသော မတရားမှုများ ပြုသည့် သို့မဟုတ် ထိုသို့ပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ထိုသို့ပြုသည်ကို တွေ့ရှိသော်လည်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉၇ နှင့် ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ထားသည့် ဥပဒေပုဒ်မ ၅ ကို အောက်ပါ အတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပညာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

**ကော်မတီ၏ သဘောထားမှတ်ချက်** ကတော့

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီမှ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်တို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့ အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အတွက် အစီရင်ခံစာကို တင်ပြအပ်ပါ တယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၀-၉-၂၀၁၆ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးသိမ်းဆွေ(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ တင်သွင်းခဲ့သည့် အဆိုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)တွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုလုပ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အသီးသီးတို့တွင် အမြဲတမ်းကော်မတီ(၄)ရပ်ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၂။ အမျိုးသားလွှတ်တော်၏ ကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည် ဖြေကြားချက်များအပေါ် အာမခံချက်၊ ကတိပြုချက်များကို စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ အရ လွှတ်တော်သို့ အစီရင်ခံစာ ပြုစုတင်သွင်းရခြင်း ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် တင်သွင်းခဲ့သော အဆိုများအပေါ် စိစစ်ခဲ့ခြင်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှုနှင့် ကတိဖြစ်ပေါ်မှုအပေါ် ဆောင်ရွက်ချက်များကို ဒုတိယပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များ ပေးနိုင်ရန် ဖြစ်ပါသည်။

### ကော်မတီဖွဲ့စည်းခြင်း

၄။ အမျိုးသားလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆ အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် နေ့စွဲဖြင့် ဖွဲ့စည်းခဲ့ပါသည် -

Slide(3)နဲ့ ဖော်ပြထားပါတယ်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ဥက္ကဋ္ဌ၊ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီးတော့ အဖွဲ့ဝင်များအဖြစ် ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊

ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးလှမြင့်သန်း(ခ)ဦးလှမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)တို့ ဖြစ်ပါတယ်။

၅။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၆။ ကော်မတီ၏ သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၇။ ကော်မတီရဲ့ တာဝန်များကို Slide (4) နဲ့ ဖော်ပြထားပါတယ်။ ဒီ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုလည်း ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညှာပြီးတော့ အသေးစိတ် မဖတ်ကြားတော့ပါဘူး။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီ၏ လုပ်ပိုင်ခွင့်များကို Slide (5)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များမှာပါဝင်တဲ့ -

၉။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည် ဆိုတဲ့အချက်ပါဝင်ပါတယ်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၁၀။ ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေနှင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေတို့ကို လက်ရှိအခြေအနေနှင့် လျော်ညီအောင် ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ရန် ၂၅-၄-၂၀၁၆ ရက်နေ့၊ ၂၆-၄-၂၀၁၆၊ ၂၇-၄-၂၀၁၆ ရက်နေ့နှင့် ၂၈-၄-၂၀၁၆ ရက်နေ့များတွင် ကော်မတီဝင်များဖြင့်လည်းကောင်း၊ ၉-၅-၂၀၁၆ ရက်နေ့တွင် ကော်မတီဝင်များအပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ စိတ်ပါဝင်စားသည့်ကိုယ်စားလှယ်များ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းဆရာများဖြင့်လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေနှင့်

ပတ်သက်၍ မူလဥပဒေအတိုင်းထားရှိလိုသည့် ဥပဒေပုဒ်မ (၁၂)ခု၊ ပုဒ်မခွဲ(၆)ခု၊ ပယ်ဖျက်ရန် အကြံပြုလိုသည့် ပုဒ်မ(၇)ခု၊ ပုဒ်မခွဲ(၃)ခု၊ ပြင်ဆင်ရန် အကြံပြုလိုသည့် ပုဒ်မ(၉)ခု၊ ပုဒ်မခွဲ(၁)ခု၊ ထပ်မံဖြည့်စွက်လိုသည့် ပုဒ်မခွဲ(၁)ခုတို့ကို အပြီးသတ် ညှိနှိုင်းရေးဆွဲခဲ့ပါသည်။

၁၁။ ၁၇-၅-၂၀၁၆ ရက်နေ့တွင် ကော်မတီဝင်များအပြင် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း ဦးစီးသော ပညာရှင်အဖွဲ့နှင့်လည်းကောင်း အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း ၏ ဆွေးနွေးချက်အရ ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေအပေါ် မူတည်၍ ထပ်မံရေးဆွဲမည့် ပုဂ္ဂလိက ပညာရေးဥပဒေတွင် (၁) အခြေခံပညာ ပုဂ္ဂလိကကျောင်း၊ (၂) နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ပုဂ္ဂလိကကျောင်း၊ (၃) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်း၊ (၄) ဘာသာရပ်သင် ပုဂ္ဂလိကကျောင်းအပါအဝင် ပုဂ္ဂလိက ပညာရေးကျောင်းအမျိုးအစားများကို ထည့်သွင်းရေးဆွဲထားကြောင်းနှင့် ထိုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်း အတည်ပြုပြီးပါက ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေနှင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေတို့ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့အတွက် လွှတ်တော်၏ တန်ဖိုးရှိလှသောအချိန်၊ ငွေကြေးကုန်ကျမှုများနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ အားစိုက်ထုတ်မှုများကို အချည်းနှီး မဖြစ်စေလို၍လည်းကောင်း၊ လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အကြားတွင် စည်းဝါးကိုက်ညီမှုမရှိဟု ပြည်သူလူထုကြား ထင်မြင်ယူဆသွားနိုင်မည်တို့ကို ထောက်ရှု၍ ကော်မတီ၏ ဆောင်ရွက်ချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတွင်သာ တင်ပြ အစီရင်ခံခဲ့ပါသည်။

**မေးခွန်းနှင့် အဆိုများကို ကော်မတီမှ စိစစ်ခြင်း**

၁၂။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ၂၃-၂-၂၀၁၆ ရက်နေ့၊ ၈-၃-၂၀၁၆ ရက်နေ့၊ ၉-၅-၂၀၁၆ ရက်နေ့၊ ၂၅-၅-၂၀၁၆ ရက်နေ့၊ ၂-၆-၂၀၁၆ ရက်နေ့၊ ၂၈-၇-၂၀၁၆ ရက်နေ့ နှင့် ၁၆-၈-၂၀၁၆ ရက်နေ့များတွင် ကော်မတီဝင်များနှင့်လည်းကောင်း၊ ၁၈-၈-၂၀၁၆ ရက်နေ့တွင် ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ကတိဖြစ်ပေါ်မှုအခြေအနေကို စိစစ်ဆွေးနွေး အတည်ပြုနိုင်ခဲ့ပါသည်။

၁၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၃၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၆)ခု၊ စုစုပေါင်း(၅၉)ခု မေးမြန်းခဲ့ပြီး အဆိုတစ်ခု တင်သွင်းနိုင်ခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားခဲ့ပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်များအရ ကြယ်ပွင့်ပြမေးခွန်း(၃၃)ခုအနက် (၂၃)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ (၁၀)ခု ကတိမဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ထားမှုအခြေအနေမှာ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည် -

၁၄။ Slide(6)နဲ့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ကြယ်ပွင့်ပြမေးခွန်း (၂)ခုမေးတယ်။ (၂)ခုစလုံး ကတိမဖြစ်ပေါ်ခဲ့ပါဘူး။ ပြည်ထဲရေးဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း

(၅)ခုမေးတဲ့အခါမှာ ကတိ(၁)ခု ဖြစ်ပေါ်ခဲ့ပြီးတော့ (၄)ခုက ကတိမဖြစ်ပေါ်ခဲ့ပါဘူး။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခု မေးမြန်းတဲ့အခါမှာ (၂)ခုစလုံး ကတိဖြစ်ပေါ်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်းပေါင်း (၈)ခု မေးမြန်းတဲ့အခါမှာ (၆)ခုက ကတိဖြစ်ခဲ့ပြီးတော့ (၂)ခုက ကတိမဖြစ်ပေါ်ခဲ့ပါ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း(၃)ခု မေးတဲ့အခါမှာ (၂)ခု ကတိဖြစ်ခဲ့ပြီးတော့ ကတိမဖြစ်ပေါ်မှု (၁)ခုရှိခဲ့ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း(၂)ခု မေးတဲ့အခါမှာ (၂)ခုစလုံး ကတိဖြစ်ပေါ်ခဲ့ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း (၁)ခုမေးတဲ့အခါမှာ ကတိဖြစ်ပေါ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း (၈)ခုမေးတဲ့အခါမှာ (၇)ခုက ကတိဖြစ်ပေါ်ခဲ့ပြီးတော့ (၁)ခုက ကတိမဖြစ်ပေါ်ခဲ့ပါ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ကြယ်ပွင့်ပြမေးခွန်း(၂)ခု မေးတဲ့အခါမှာ ကတိဖြစ်ပေါ်မှု (၂)ခု ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ ဝန်ကြီးဌာန အသီးသီးသို့ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၃၃)ခုမှာ ကတိဖြစ်ပေါ်မှု (၂၃)ခု၊ ကတိမဖြစ်ပေါ်မှု (၁၀)ခုရှိကြောင်း တွေ့ရှိရပါတယ်။

၁၅။ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၏ ဖြေကြားချက်များနှင့် ဆောင်ရွက်ထားရှိမှု အသေးစိတ်များကို နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများကို CD ချပ်နဲ့ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။

၁၆။ ကြယ်ပွင့်မပြမေးခွန်း (၂၆)ခုအနက် (၁၄)ခု ကတိဖြစ်ပေါ်ခဲ့ပြီး (၁၂)ခု ကတိ မဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများမှာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်။ Slide (7)မှာ ဖော်ပြထားပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ ကြယ်ပွင့်မပြမေးခွန်း (၁)ခုမေးတာ ကတိ မဖြစ်ပေါ်ခဲ့ပါ။ ကာကွယ်ရေးဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း(၁)ခု မေးတဲ့အခါမှာ (၁)ခု ကတိဖြစ်ပေါ်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း(၁)ခုမေးတာ ကတိ ဖြစ်ပေါ်ခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း(၁၁)ခုမေးတဲ့အခါမှာ (၃)ခု ကတိ ဖြစ်ပေါ်ပြီးတော့ (၈)ခုက ကတိ မဖြစ်ပေါ်ခဲ့ပါ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း(၂)ခုမေးတဲ့အခါမှာ (၂)ခုစလုံး ကတိဖြစ်ပေါ်ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း (၁)ခုမေးမြန်းတာ ကတိဖြစ်ပေါ်ခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း (၄)ခုမေးမြန်းတဲ့အခါမှာ (၂)ခု ကတိဖြစ်ပြီးတော့ ကတိမဖြစ်ပေါ်မှု (၂)ခု ရှိခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကြယ်ပွင့်မပြမေးခွန်း(၄)ခု မေးမြန်းတဲ့အခါမှာ ကတိဖြစ်ပေါ်မှု(၃)ခုရှိခဲ့ပြီး (၁)ခုက ကတိမဖြစ်ပေါ်ခဲ့ပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို ကြယ်ပွင့်မပြမေးခွန်း(၁)ခု မေးမြန်းတဲ့အခါမှာ ကတိဖြစ်ပေါ်မှု (၁)ခု ရခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဝန်ကြီးဌာန အသီးသီးနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များထံမှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ ကြယ်ပွင့်မပြမေးခွန်းပေါင်း(၂၆)ခုကို မေးမြန်းခဲ့ရာ ကတိဖြစ်ပေါ်မှု(၁၄)ခုနဲ့ ကတိမဖြစ်ပေါ်မှု(၁၂)ခုကို စိစစ်တွေ့ရှိရပါတယ်။

၁၇။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများ၏ ဖြေကြားချက်များနှင့် ဆောင်ရွက်ထားရှိမှု အသေးစိတ်များကို နောက်ဆက်တွဲ (ခ)ဖြင့် ဖော်ပြထားပါတယ်။ ဒါလည်းခုနက ဝေမယ့် CD ချပ်ထဲမှာ ပါဝင်မှာ ဖြစ်ပါတယ်။

၁၈။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆို အနေဖြင့် (၁)ခုသာရှိပြီး လွှတ်တော်မှ မှတ်တမ်းအဖြစ် ထားရှိခဲ့ပြီး ဖြစ်ပါတယ်။

## သုံးသပ်ချက်

၁၉။ ဝန်ကြီးဌာနများမှ လာရောက်ဖြေကြားရာတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ကိုယ်စား လာရောက်ဖြေကြားမှုများ ရှိခဲ့ပါသည်။ ကတိဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များတွင် ဝန်ကြီးဌာနတချို့မှ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရကိုယ်စား လာရောက်ဖြေကြားခြင်းဖြစ်၍ ကတိကဝတ်ကို ဝန်ကြီးဌာနတွင် မထားရှိဘဲ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်တွင်ထားရှိရန် ၁၈-၈-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သောအစည်းအဝေးတွင် တင်ပြခဲ့ပါသည်။

၂၀။ ၎င်းတင်ပြချက်များကို ကော်မတီတွင် ဆွေးနွေးညှိနှိုင်းခဲ့ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား လာရောက်ဖြေကြားသည့် ဝန်ကြီးဌာနမှသာ လက်ရှိတာဝန်ယူပြီး တွန်းအားပေးရန်နှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများမှ ကတိကဝတ်ကို တာဝန်ယူပြီးမှသာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်တွင် ပြောင်းလဲထည့်သွင်းမည်ဖြစ်ကြောင်း ဆွေးနွေးသုံးသပ်ထားကြပါသည်။

၂၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များသည် ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဦးစားပေး၍ အလေးအနက်ထားပြီး ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည် ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည် အားကိုးလာမည်ဖြစ်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

## နိဂုံး

၂၂။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှု အခြေအနေများကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အရ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားရှိခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါကြောင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂)ရက် မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၁ း ၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]